# မြန်မာ့အရေးတွင် ငါးနှစ်တိုင် ဆိုးဆိုးရွားရွားအောင်မြင်မှုမရှိ ဖြစ်နေသည့် အာဆီယံအတွက် ဖိလစ်ပိုင်နိုင်ငံက ခိုင်မာအားကောင်းသောခေါင်းဆောင်မှု ဖော်ဆောင်ပေးရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၆ ရက်။

*ဤထုတ်ပြန်ချက်သည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း နှင့် လက်ရှိ ပြည်သူ့လွှတ်တော်အမတ် Dato' Sri Saifuddin Abdullah ၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Khun Kasit Piromya ၊ ဖိလစ်ပိုင်နိုင်ငံ တရားရေးဝန်ကြီးဟောင်း၊ အထက်လွှတ်တော်အမတ်ဟောင်းနှင့် လက်ရှိပြည်သူ့လွှတ်တော်အမတ် Leila M. de Lima နှင့် မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီ (SAC-M) အဖွဲ့၏ တည်ထောင်သူများဖြစ်ကြသော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကျွမ်းကျင်ပုဂ္ဂိုလ်ဟောင်း သုံးဦးက ပူးတွဲထုတ်ပြန်သည့်ကြေညာချက်ဖြစ်ပါသည်။*

ယခုရက်သတ္တပတ်အတွင်းစီဘူးတွင်ကျင်းပနေသောအရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးသည် မြန်မာနိုင်ငံအတွက် အဆုံးအဖြတ်ပေးမည့် အခိုက်အတန့်တစ်ခုဖြစ်သည်။ လက်ရှိတွင် စစ်ရာဇဝတ်မှုကျူးလွန်သူအဖြစ် စွပ်စွဲခံထားရသော မင်းအောင်လှိုင်နှင့် ၎င်း၏စစ်အုပ်စုသည် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ရန် အသည်းအသန် ကြိုးစားနေသည်။

လွန်ခဲ့သော လအနည်းငယ်အတွင်း စစ်အုပ်စုသည် အာဆီယံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကို နှစ်သိမ့်ရန် တင်းပြည့်ကျပ်ပြည့်မရှိသော လုပ်ဆောင်ချက်များ လုပ်ပြလာခဲ့သည်။ ဦးစွာ တရားမဝင်ရွေးကောက်ပွဲတစ်ခု ကျင်းပခဲ့သည်။ ထို့နောက် အတုအယောင် 'သမ္မတ' မင်းအောင်လှိုင် ဦးဆောင်သော အတုအယောင် လွှတ်တော်တစ်ခုကို ခေါ်ယူကျင်းပခဲ့သည်။ ထို့နောက် မကြာသေးမီက စစ်အုပ်စုသည် ညှင်းပန်းနှိပ်စက်မှု မြောက်နိုင်ခြေများသည့်ပုံစံမျိုးဖြင့် ၎င်းတို့က နှစ်ကာလကြာ တိုက်ပိတ်အဆက်အသွယ်ဖြတ် အကျဉ်းချခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်သို့ ပြောင်းရွှေ့လိုက်ကြောင်း အထောက်အထားမပြပဲ ထုတ်ပြန်ကြေညာခဲ့ပြန်သည်။

သို့သော် တဖက်တွင် စစ်အုပ်စုသည် မြန်မာပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်မှုများ တိုးမြှင့် လုပ်ဆောင်လာခဲ့သည်။ မတ်လ၊ ၂၀၂၆ ခုနှစ်သည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း အရပ်သား သေဆုံးမှုအမြင့်ဆုံး လတစ်လအဖြစ် မှတ်တမ်းသစ်တင်ခဲ့ပြီး စစ်အုပ်စု၏ ရမ်းကားတိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၅၀၀ ကျော်အထိ ရှိခဲ့သည်။

အာဆီယံဘုံသဘောတူညီချက်ငါးရပ်အပေါ် မင်းအောင်လှိုင်၏ ကတိပျက်ကွက်မှုအပါအဝင် စစ်အုပ်စု၏ လုပ်ရပ်များကြောင့် ငါးနှစ်တိုင်တိုင် အရှက်တစ်ကွဲဖြစ်လာခဲ့ရသော အာဆီယံသည် စစ်အုပ်စုက ၎င်း၏ဗီဇကို ပြောင်းလဲမည်မဟုတ်ကြောင်း မဖြစ်မနေ လက်ခံရပါတော့မည်။ စစ်အုပ်စုက ရက်စက်ကြမ်းကြုတ်မှုများ မရပ်မနား ဆက်လက်ကျူးလွန်နေချိန်တွင် အာဆီယံက စစ်အုပ်စု၏ မစို့မပို့ လုပ်ဆောင်ပြသည့်အရာများကို စစ်မှန်သော အလျှော့ပေးလိုက်လျောမှုများအဖြစ် အထင်မှား၍မရပါ။

အာဆီယံဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံသည် စီဘူးထိပ်သီးအစည်းအဝေးတွင် ခိုင်မာသော သဘောထား ရပ်တည်ချက်တစ်ခုကို အခိုင်အမာစွဲကိုင်ကာ စစ်အုပ်စုက ပြည့်စုံလုံလောက်သော လုပ်ဆောင်ချက်များ ချမှတ်ဆောင်ရွက်လာအောင် တောင်းဆိုရမည်။ ထိုမှတဆင့် အာဆီယံသည် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အောက်ပါအချက်များပါဝင်သော

ဆုံးဖြတ်ချက်အသစ်တစ်ခုကို ချမှတ်ရမည်။

- စစ်အုပ်စု၏ ကိုယ်ပွားအစိုးရအဖွဲ့သစ်ကို ငြင်းပယ်ပါ။ ထို့အတူ စစ်အုပ်စုကိုယ်စားလှယ်များကို အာဆီယံအစည်းအဝေးများ တက်ရောက်ခွင့်ပိတ်ပင်ရာတွင် လုပ်ငန်းအဆင့် ဌာနဆိုင်ရာ အရာရှိများကိုပါ ထည့်သွင်းတိုးချဲ့ပိတ်ပင်ခြင်းအားဖြင့် စစ်အုပ်စု၏ကိုယ်စားလှယ်များနှင့် ထိတွေ့ဆက်ဆံရန် ဆက်လက်ငြင်းဆန်ပါ။ အာဆီယံသည် စစ်အုပ်စုကို ဆက်လက်ရှင်သန်ရပ်တည် နိုင်စွမ်းမရှိအောင် တရားဝင်မှုဖြတ်တောက်ရမည်။
- စစ်အုပ်စုက ၎င်း၏ အကြမ်းဖက်မှုလုပ်ရပ်များအားလုံးကို ချက်ချင်းရပ်တန့်ရန်နှင့် နိုင်ငံရေး အကျဉ်းသားများအားလုံးကို အပြည့်အဝ ချွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် တောင်းဆိုပါ။ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်သို့ ပြောင်းရွှေ့လိုက်သည့် သတင်းများမှန်ကန်ပါက အပြုသဘောခြေလှမ်းတစ်ခုဖြစ်သော်လည်း နေအိမ်အကျယ်ချုပ်သည်လည်း တရားလက်လွှတ် ချုပ်နှောင်မှုသာဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်သော သူမကို သီးခြားလွတ်လပ်သော စောင့်ကြည့်သူများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် သူမ၏မိသားစုဝင်များနှင့် ချက်ချင်းတွေ့ဆုံခွင့်ပေးရမည်။
- စစ်အုပ်စု၏ နှစ်ကာလရှည်ကြာ တိုက်ပိတ်ချုပ်နှောင်ခြင်း ခံလာခဲ့ရပြီးနောက် မကြာသေးမီကမှ ပြန်လည်လွတ်မြောက်လာခဲ့ပြီး စစ်အုပ်စု၏ ဆက်လက်စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် ကန့်သတ်ပိတ်ပင်ခြင်းခံနေရသော ဦးဝင်းမြင့်ကို မြန်မာနိုင်ငံ၏ တရားဝင်သမ္မတအဖြစ် ဆက်လက် အသိအမှတ်ပြုပါ။
- အကူအညီလိုအပ်နေသော ဒေသခံလူမှုအသိုင်းအဝိုင်းများအားလုံးထံသို့ အရေးပေါ်အကူအညီများ တိုးမြှင့်ပေးပို့နိုင်ရန် နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများမှတဆင့် နိုင်ငံတဝှမ်းလုံးသို့ လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ခွင့် အပြည့်အဝရရှိရန် တောင်းဆိုပါ။ ထိုလူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများသည် အာဆီယံ၊ ကုလသမဂ္ဂအစုအဖွဲ့များ၊ မြန်မာတိုင်းရင်းသား လူမျိုးစုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများကြား ညှိနှိုင်းပူးပေါင်းလုပ်ဆောင်သည့် တုန့်ပြန်ဆောင်ရွက်မှုများဖြစ်ရမည်။
- ကနဦးသတ်မှတ်ချက်များမထားပဲ မြန်မာပြည်သူများ၏ ဆန္ဒနှင့် မျှော်မှန်းချက်များနှင့်အညီ ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခု ပေါ်ပေါက်လာရေး အားလုံးပါဝင်မှုရှိသည့် ညှိနှိုင်းဆွေးနွေးမှုများဖြစ်လာအောင် ပံ့ပိုးကူညီနိုင်ရန် မြန်မာနိုင်ငံ တရားဝင်ဒီမိုကရက်တစ် အစုအဖွဲ့များ၊ အင်စတီကျူးရှင်းများနှင့် တရားဝင် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်နိုင်သည့် ပလတ်ဖောင်းများကို ပိုမိုခိုင်မာအားကောင်းအောင် တည်ဆောက်ပါ။ ဤအာဆီယံပလတ်ဖောင်းတွင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းရေးဦးဆောင်ကောင်စီ၊ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများနှင့်ကောင်စီများ၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ အသစ်ပေါ်ထွက်လာသော ပြည်နယ်နှင့်ဖက်ဒရယ်ယူနစ်များ၊ မဟာမိတ်အဖွဲ့များနှင့် မြန်မာနိုင်ငံကို စွန့်ခွာခဲ့ရသူများအပါအဝင် သက်ဆိုင်ရာ အရပ်ဘက်လူမှုအသိုင်းအဝိုင်းနှင့် လူနည်းစုလူမှု အသိုင်းအဝိုင်းများ ပါဝင်ရမည်။
- မင်းအောင်လှိုင်နှင့် အခြားစစ်အုပ်စုအဖွဲ့ဝင်များကို စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုစွပ်စွဲချက်များဖြင့် ဖြစ်နိုင်ခြေရှိသော တရားစွဲဆိုနိုင်ရေး နည်းလမ်းများရှာဖွေရန် တီမောလက်စ်တေနိုင်ငံက အစိုးရရှေ့နေတစ်ဦး ခန့်အပ်လိုက်ခြင်းကို အာဆီယံဘက်က ထောက်ခံအတည်ပြုခြင်း နှင့် အင်ဒိုနီးရှားနိုင်ငံ၏ ကနဦးခြေလှမ်းများကို ကြိုဆိုခြင်း အပါအဝင် မြန်မာနိုင်ငံတွင် တာဝန်ယူမှုတာဝန်ခံမှုရရှိရေး ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်အားစိုက်ဆောင်ရွက်ပါ။ အများကမျှော်လင့်ထားသည့်အတိုင်း နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) က မင်းအောင်လှိုင်အတွက် ဖမ်းဝရမ်းထုတ်ပြန်လာသည့်အခါ ဖိလစ်ပိုင်နှင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မင်းအောင်လှိုင်ကိုဖမ်းဆီး၍ သည်ဟိတ်သို့ လွှဲပြောင်းနိုင်ရန် ICC နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

နောက်ဆုံးအနေဖြင့် အာဆီယံသည် မြန်မာနိုင်ငံဆိုင်ရာအထူးသံတမန်ရာထူးကို လုပ်ပိုင်ခွင့်သက်တမ်း ပိုများသော အချိန်ပြည့်ရာထူးတစ်ခုအဖြစ် သတ်မှတ်ကာ ခန့်အပ်တာဝန်ပေးခြင်း၊ ပိုမိုအားကောင်းသော အထူးသံတမန်ရုံးတစ်ခု ထားကာ ဝန်ထမ်းနှင့်အရင်းအမြစ် တိုးမြှင့်ပံ့ပိုးပေးခြင်း စသည့်နည်းလမ်းများဖြင့် မြန်မာနိုင်ငံဆိုင်ရာအထူးသံတမန်၏ အခန်းကဏ္ဍ ပိုမိုခိုင်မာအားကောင်းလာအောင် ဆောင်ရွက်ရမည်။

မြန်မာစစ်အုပ်စုက စခဲ့သည့်အကျပ်အတည်းများသည် ဒေသတွင်းတည်ငြိမ်မှုကို ပိုမိုခြိမ်းခြောက်လာနေပြီး ပိုမို ကိုင်တွယ်ရခက်ခဲလာနေလျက်ရှိရာ အာဆီယံ၏မပြတ်သားမှုများကြောင့် မည်သည့်ဆုံးရှုံးမှုများ ဖြစ်လာနိုင်ကြောင်း ရှင်းရှင်းလင်းလင်း မြင်နိုင်သည်။ ဖိလစ်ပိုင်သည် ရှိနေသောအခွင့်အရေးကို အရယူကာ ကိုင်တွယ်ဆောင်ရွက်မှုများ ပြုလုပ်ရမည်။

Dato’ Sri Saifuddin Abdullah

Khun Kasit Piromya

Leila M. de Lima

Marzuki Darusman

Yanghee Lee

Chris Sidoti